
# သရာတော်ကြီးများ၊ ပညာရှင်ကြီးများ၏ ဆုံးမစာများ

ညွန့်စိုး(ဒဂုံ)



mgyoe.com SAMPLE BOOK
mgyoe.com

m g y o e . c o m SAMPLE BOOK



SSS0033

MMK 4,500.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာတော်ကြီးများ၊ ပညာရှင်ကြီးများ၏ ဆုံးမစာများ

ညွှန့်စိုး(ဒဂုံ)

ကြယ်ကမ္ဘာ
ကလေးလူငယ်စာအုပ်များ
အမှတ် ၂၀၇၇၊ အောင်မြင်းမိုရ်လမ်း။ အုံ့ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၂၆၆၂၃၆၄၃၆

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ(၀၂၀၇၇)၊
အမှတ်(၄၉၉)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ - ဦးသန်းဋ္ဌေးဇော်၊ သိန်းသန်းဇော်ပုံနှိပ်တိုက်(၀၀၁၀၁)၊
၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးပန်းချီ-စောမင်းဝေ
ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၅၊ ဇူလိုင်လ။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ ရှင်မဟာသီလဝံသ၏ ဆုံးမစာများ ၃

၂။ ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာများ ၂၂

၃။ တောင်ဖီလာဆရာတော်၏ ဆုံးမစာ ၄၁

၄။ ကန်တော်မင်းကျောင်း ဆရာတော်၏ လောကသာရဆုံးမစာ ၅၁

၅။ အတုလဆရာတော် ခင်ကြီးဖျော်၏ ပုဏ္ဏောဝါဒဆုံးမစာ ၈၂

၆။ ဆရာတော် ဦးဗုဓ်၏ ဂိဟိဝိနယဆုံးမစာ ၁၁၈

၇။ ထွင့်ခေါင်ဆရာတော်ကြီး၏ လက်ာသံပေါက် ဆုံးမစာများ ၁၂၄

၈။ သင်္ဂဇာဆရာတော်၏ သိင်္ဂါလောဝါဒသုတ်ထွက် ကျင့်ဝတ်ဆုံးမစာများ ၁၃၉

၉။ တွင်းသင်းမင်းကြီး မဟာစည်သူ၏ ကြောက်ကြီးကိုးလုံး ဆုံးမစာများ ၁၄၃


mgyoe.com

mgyoe.com
SAMPLE BOOK


၁၀။ စဉ့်ပါဆရာတော်၏ ဓမ္မနိတိချိုး ဆုံးမစာ ၁၄၅
၁၁။ ရွှေကျောင်းဆရာတော် ဦးပညာ၏
မာတောဝါဒဆုံးမစာ ၁၄၇
၁၂။ ကျီးသဲလေးထပ်ဆရာတော်၏
ပူရာဏ်ဓမ္မဂန်ဖတ်စာ ဆုံးမစာ ၁၅၀
၁၃။ လုံးတော်ဆရာတော်၏ ဆုံးမစာ ၁၅၃
၁၄။ ကျည်းကန်သျှင်ကြီး၏ စကားပုံဆုံးမစာ ၁၅၇
၁၅။ ပေါ်ကွံမောင်ချို၏ စကားပုံ ဆုံးမစာ ၁၆၀
၁၆။ ညောင်ပင်သာ ဦးပုည၏ သုတရတနာ ဆုံးမစာ ၁၆၂
၁၇။ စာတော်ပြင်ဆရာကြီး ဦးပညာ၏
သားရွှေဥ ဆုံးမစာ ၁၆၆
၁၈။ သူတော်ဦးနု၏ စကားပုံ ဆုံးမစာ ၁၇၀
၁၉။ မန်လည်ဆရာတော်ကြီး၏ ဆုံးမစာများ ၁၇၃
၂၀။ အမှာတော်ရေး ဦးရှင်ကလေး၏ သုတမဉ္ဇူဆုံးမစာ ၁၈၁
၂၁။ ကျောင်းစာရေး မောင်စံထိန်၏ သားရွှေကြိုး ဆုံးမစာ ၁၈၄
၂၂။ ဒဂုံဦးထွန်းမြင့် ရေးဖွဲ့ထားသော
၃၈ ဖြာမင်္ဂလာ ကဗျာဆုံးမစာများ ၁၈၅

■

mgyoe.com

mgyoe.com SAMPLE BOOK

# ရှင်မဟာသီလဝံသ၏ ဆုံးမစာများ

[၁]

တိလောကဟု၊ မရနိုင်းတူ၊ ဘက်မပြုသည်၊ သုံးဆူရတနာ၊ မာတာပိတ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရိုသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင်အမြဲသွတ်။

[၂]

ကယောက်ကယက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍ အမြဲမှတ်။

[၃]

ဆရာသမား၊ မိဘအားကို၊ နှိုးကြားမပြတ်၊ မျက်သစ်ဒန်ပူ၊ လှုံ့လကူသည်၊ ယူ၍မပြတ် နေ့တိုင်းကပ်။

mgyoe.com

mgyoe.com SAMPLE BOOK

[၄]

ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်သစ်ပင်ကို၊ မြင်လျှင်မဖွယ်၊ မတင့်တယ်သော်၊ လှည်းဖယ်မပြတ် တံမြက်ခတ်။

[၅]

သုံးဆောင်ရေနှင့် သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါ်ငင်ညီညွတ် သွားရှာခပ်။

[၆]

ရေခပ်သွားလည်း၊ ကစားရှာသာ မနေနှင့်၊ ကစားရှာသာ၊ ရေမှာကြာသော်၊ သဲဒဏ် ရေဒဏ်၊ ပေးရန် မှန်သည်၊ ခံမည်သာ ကြီးလောမင်းတို့ကျော။

[၇]

နေ့ညနံနက်၊ ကိန်းစက်မွေ့ရာ၊ သင်ဖြူးဖျာကို ခင်းကာယူခြားသွင်းခေါက်ထား။

[၈]

သက်နိုးသပိတ်၊ ပရိက္ခရာ၊ ကြွသွားကာသော်၊ ယူရာသည်များပြင်၍ထား။

mgyoe.com

[၉]

ခုရိုးပန်းပင်၊ လာသည်မြင်သော်၊ အလျှင်လှမ်းယူ ဝတ်သက်နှံးကို၊ ချွေးစွန်းမူကား၊ နေပူပြန့်လွှား သွင်းခေါက်ထား။

[၁၀]

ရေချမ်းကပ်လျှက်၊ ခြေလက်ဆုပ်နယ်၊ မှုကြီးငယ်ကို လွှဲဖယ်မသွား၊ ယပ်လေခတ်၍နေထံပါး။

[၁၁]

ကိုယ်လက်ဖိနှိပ်၍၊ ကျိန်းစက်သောအခါ၊ တစာစာနှင့် ပျာပျာလောင်လောင်၊ တဖောင်ဖောင်သည်၊ ခေါင်ခေါင်ကြမ်းကို မနင်းနှင့်။

[၁၂]

ရိုင်းစိုင်းနိုးကပ်၊ မကိုင်းညွှတ်ဘဲ၊ မတ်တတ်တိုး၍ မသွားနှင့်။

[၁၃]

စားပွဲယ်စားရာ၊ ကပ်သောအခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညွှတ် ချဉ်း၍ကပ်။

mgyoe.com

[၁၄]

ဘုဉ်းပေးဆိုတမ်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကား သည့်နှယ် မမေးနှင့်။

[၁၅]

မိဉီးပဉီး၊ ဆရာဉီးကို ခူး၍ အလျှင်မစားနှင့်။

[၁၆]

မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ တောင်းပါကြ။

[၁၇]

သပိတ်ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်းဖျပ်ကို၊ ပွတ်တုံ ညစ်ကြေ၊ မြူမှေးမတင် စင်အောင်ဆေး။

[၁၈]

ကျောင်းတွင် အိမ်တွင် မသန့်စင်၍၊ မြင်သည်ရှိသော်၊ ယူငင် သိမ်းဆည်း၊ အထဲသိုငြား ကောင်းကောင်းထား။

mgyoe.com

mgyoe.com SAMPLE BOOK


[၁၉]

အမှုနည်းများ၊ ခန့်ထားရှိသော်၊ တစ်ခွန်းခေါ်က၊ ကြားသော်ခဏ ချဉ်းကပ်ကြ။

[၂၀]

ကိစ္စရှိပြား၊ သွားသည်များ၊ လျှင်လျားခဏ လာပါကြ။

[၂၁]

ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျွေးကြ။

[၂၂]

သီတင်းသုံးချင်း၊ ချစ်ဟုန်ပြင်းသည်၊ ပဋ္ဌင်းနှင့်ရှင်၊ ညီတွင် အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါ့ကိုအဖ မှတ်ပါကြ။

[၂၃]

အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွှဲဖယ်မသွေ၊ နှိမ့်ချလေ။

[၂၄]

ရိုသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နွေ့သကြည်ဖြူ၊ နည်းခံယူ၍၊ ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဖျာဖျာ ကျွန်ုပ် ပုဆစ်တုပ်လျက်၊

mgyoe.com

mgyoe.com SAMPLE BOOK

ဖိုးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်သူပေ ဆိုရစေ။

[၂၅]

တရားပေစာ၊ ဟောသောအခါလည်း၊ နှုတ်မှာမစောင့် တထောင့်
စကား၊ တဟားဟားသည်၊ ရိုင်းကားမိုက်မဲ မပြောနှင့်။

[၂၆]

လှူဖွယ် တန်းဖွယ်၊ ကြီးငယ်တည်တည်၊ ရောက်လာသည်ကို
လှယ်ကာ ခဏ၊ သူ့ခွက်ယောက်ကို၊ မပျောက်နှေ့ည ပေးလိုက်ကြ။

[၂၇]

ကွမ်းဆေးမီးလျှင်၊ ညှော်သည်မြင်သော်၊ အလျင်ခဏ တည်ပါကြ။
(ဘုန်းကြီး ရဟန်း ပယောဂ မပါစေရ)။

[၂၈]

မင်းသွားဇာသွား၊ ငြင်းခုံပွားအောင်၊ စကားဘောက်ဆတ် မဆိုအပ်။

[၂၉]

မပြတ်မချာ၊ ဆူလည်းလာ၍၊ ငါ့ဖါ်ထံပါး၊ စေစားရ၍ နေပါကြ။

mgyoe.com

mgyoe.com SAMPLE BOOK


[၃၀]

ရဟန်းသံဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး သင်ဖြူးဖျာနှင့်၊ လာ၍ဖြဖြ၊ ခင်းကုန်ကြ။

[၃၁]

ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တစ်ထွေ၊ တပည့်တွေကို၊ တစ်ပြည်တစ်ရွာ၊ သွားသောအခါလည်း၊ ညီညာလျောက်ပတ်၊ လက်ကတော့ကို ကောင်းကောင်းထိုးကုန်လတ်။

[၃၂]

မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထကြွမွေ့သိမ်၊ ကွကွေ့နှင့်၊ ငြိမ်ငြိမ်နေဘိ၊ မျက်စိမငြိမ်၊ နားမငြိမ်သည့် ဟိန်းဟဲ့ မဆိုရစေနှင့်။

[၃၃]

မျက်မှောက်ကောင်းငြား၊ ပြင်တစ်ပါးမှာ၊ တခြားမကျဉ့်ကြလေနှင့်။

[၃၄]

မတင့်တယ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားပွေလီ၊ တစီစီနှင့် တဟီဟီသည်၊ ကျီစား၍လည်း မနေနှင့်။

mgyoe.com

mgyoe.com
SAMPLE BOOK


[၃၅]

ဟိနနတ္တာ၊ မဆဲကြနှင့်၊ ကြီးကငယ်သည်၊ နင်ဟာယ်ကို့မျှ၊ မဆိုကြနှင့်၊ ရန်စချုပ်ချည်၊ ရှောင်လွှဲဖည်၍၊ သတ်မည့်ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်လှရှိသေ၊ အချင်းချင်းကို၊ တင့်တတ်စေဟု၊ မအေဖရင်း၊ တစ်ဝမ်းတွင်းသို့၊ သားရင်းတူကွ မှတ်ကုန်ကြ။

[၃၆]

သက်န်းအဝတ်၊ ချွတ်ထားပစ်လေ၊ မရှိသေ၍၊ ကလေကဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။

[၃၇]

တစ်ယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွလက်သာ၊ မနေရာ သည်၊ တတ်ပါသမျှ ညီညာကြ။

[၃၈]

ဆရာနေခင်း၊ အင်းပျဉ်ညောင်စောင်း၊ လဲလျောင်းဘုံလျှို၊ ထိုထို ထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့် မထိုင်နှင့်။

mgyoe.com

mgyoe.com SAMPLE BOOK


[၃၉]

ရှေ့ကစူးစူး၊ ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင်နှင့်၊ ပေါင်ထောင်လက်ကား၊ အပါးကြပ်ကြပ် မနေအပ်။

[၄၀]

ရှင်နှင့် သူငယ်၊ သောက်ရေအိုးကို၊ တခြားတယ်၊ သုံးဖွယ်မသင့်၊ ကျောင်းဦးဇရကို၊ မသောက်နှင့်။

[၄၁]

ကြီးသားငယ်သူ၊ ရှင်လူကစ၊ ဟူသမျှလည်း၊ မိဘဆရာ၊ ဘယ်မှာမမှတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိဘဲ၊ မိမိကိုသာ၊ ထောမနာလျက်၊ ဆတက်လွန်စွာ၊ တို့သူငါကို၊ မပါမည်လား၊ ဘယ်ခန့်သွားဟု၊ တုတုပပ ပြစ်မှားကြလျှင်၊ မိဒဏ်၊ ဖဒဏ်၊ ဆရာဒဏ်ကို၊ ခံရလိမ့်မည် မယွင်းစွ။

[၄၂]

ရဟန်းသံဃာ၊ အရိယာကို၊ လူသာမဏေတို့၊ ချို့ချို့ငဲ့ငဲ့၊ ကဲ့ရဲ့ကျီစား၊ လှည့်စားမပြု၊ တုပက်မဆို၊ ရိုသေကြစေ၊ မြွေပွေးမြွေဟောက်၊ မထိစောက်သို့ ရှုံ့ကြောက်စေ။

mgyoe.com

mgyoe.com SAMPLE BOOK



[၄၃]

မွေတော်ဓာတ်တော်၊ ရုပ်တုတော်ကို၊ ပူးမြော်မပြတ်၊ ရှေ့ကျောင်းဦးမှာ၊ ဖြည့်ကြဝတ်တက်၊ နံနက်မိုးသောက်၊ ချိန်ခါရောက်သော်၊ ဝတ်လျှောက်မပြတ်၊ လက်အုပ်တင်ထား၊ ဘုရား တရား သံဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစားလို့လ၊ တည်ဆောက်ကြ။

[၄၄]

ငါကသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြပ်မ၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တင်လည်းရွက်၊ လျှင်လျှင်ရအောင်၊ ကြိုးစားကျက်။

[၄၅]

အချိန်တန်၍၊ စာအံဆိုလျှင်၊ မရွှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြီးစွာပန်၍၊ မအံတစ်ခါ၊ အံတစ်ခါနှင့်၊ မျက်နှာတစ်ပါး၊ စာတခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မော၍လည်း မနေနှင့်။

[၄၆]

မပြတ်အသံ၊ တညံညံသည် စာအံစာဖတ်၊ ကြပ်ကြပ်မြဲမြဲ၊ သည်-လည်း-ညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ ပီလှစေ။

mgyoe.com

mgyoe.com SAMPLE BOOK


[၄၇]

သင်ပုန်းထန်းရွက်၊ ပေထက်စီကာ၊ ရေးသောခါလည်း၊ အက္ခရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှတတ်စေ။

[၄၈]

မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊ တဖောင်ဖောင်လုပ်၊ သန်းခေါင်ညဉ့်နက်၊ သင်ကျက်သမျှ၊ စစကုန်စေ၊ နေ့ကိုအလွတ်ရွတ်နိုင်စေ။

[၄၉]

ရဟန်းမောင်ရှင်၊ သူငယ်သွင်သို့၊ မသင်မရွတ်၊ မဖတ်စာပေ၊ မရေမရာ၊ နေ့သာကုန်ကြား၊ ရက်သာများအောင်၊ စကားဖောင်ဖွဲ့၊ တို့လှည့်ကျယ်ပွား၊ စကားပြောပေဟော၊ တသောသောသည်၊ ရယ်မော၍လည်း မနေနှင့်။

[၅၀]

တထောက်တခြား၊ စကားမဆို၊ ကိုယ်စီကိုယ်ငါ၊ သင်ပုန်းပေမှာ၊ လက်မကွာအောင်၊ စာရေးကြ။

mgyoe.com

mgyoe.com SAMPLE BOOK


[၅၁]

နားပန်းဆံနှင့်၊နောက်ဆံလည်းထား၊ ပြုထွားခေါင်းပေါင်း၊ နားတောင်းဝတ်ကာ၊ ပန်းပန်ကာနှင့်၊ သီကာမြူးရွှင်၊ ရွှေငွေဆင်၍၊ သင်တို့သည်နှယ်၊ မကျင့်နှင့်။

[၅၂]

သက်န်းမှာလဲ၊ ပိန္နဲအပြင်၊ လှစေချင်၍ လွှင်လွှင်ပပ၊ ပြုကြမသင့်၊ နန္ဒွင်းဆိုးနှင့်၊ တိန်းညက်ဆိုးကို မဝတ်နှင့်။

[၅၃]

အသသီဆယ်ပါး၊ ဘုရားမှုခပါင်၍၊ ရှင်ကျင့်ဝတ်ကို စောင့်ကြပ်မြဲထွေ ညီလှစေ။

[၅၄]

ရှေးဆရာမွန်၊ သီလဝံသ၊ ထေရ်ဂုဏာ၏၊ နှံ့မျှအကျော်၊ မိန့်တော် နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဋ်ဂါထာနှင့်၊ လက်ာ မဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်မည်၊ ခက်လှသည့်ကြောင့်၊ ရမည်မှန်စွာ၊ လွယ်ပါစေကြောင်း၊ စိတ်ဖြင့်ကြ၍၊ ဉာဏ်ဖြင့်လောင်း သည်၊ ကောင်းကောင်းကျက်မှတ်ကြလေကုန်။ .

mgyoe.com

mgyoe.com SAMPLE BOOK

[၁၅]

ဗဟုသုတ၊ တတ်ပချင်လျှင်၊ သင်သာခိုက်ကို သင်လိုက်ကြ။

[၁၆]

သို့ပင်တစေ၊ မနေရသာ၊ ကျောင်းက ခွာသော်၊ နောင်ခါနောင်တ ရှိတတ်စွ။

[၁၇]

အတတ်ပညာ၊ တတ်မှသာလျှင်၊ ကျောင်းမှာ နေကျိုးနပ်မည်ပ။

[၁၈]

ဆုံးမစကား၊ ဆိုသည်များကို၊ မှတ်သားဝမ်းထဲ၊ စိတ်မစွဲလျှင်၊ သဲဒဏ်ရေဒဏ်၊ ပေးရန် မှန်သည်၊ ခံမည်သာကြီးလော့ မင်းတို့ကျော။

[၁၉]

ယခုအခါ၊ သာသနာမှ လူဖြစ်မည်မျှ ရခဲလှ၏၊ လူမှသာမဏေ၊ ဖြစ်ပေဖြတ်ခြင်း၊ ပဥ္စင်းသံဃာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိပ်ဟု၊ သိကြပါစေ၊ သည့်ထက် သည်သာ၊ မြတ်ရာသို့သာ လှမ်းပါလေ။

mgyoe.com

mgyoe.com
SAMPLE BOOK


[၆၀]

ပစ္စုပ္ပန္န၊ ခုဘဝ၊ နေရ ကိုယ်တည်းသာ။

[၆၁]

ရှင့်သီလဝံသ၊ ထေရ်ဂုဏာ၏ ဆုံးမစကား၊ မှနာကြားက၊ လားလိမ့် ပယ်ရပ်ရှာ။

[၆၂]

ပညာမရ၊ လျှပ်ပေါ်လှ၊ သူများ နောက်လိုက်သာ။

[၆၃]

နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှမဝပါ။

[၆၄]

မျက်နှာညှိုးပါး၊ လူငနွား၊ အများစေစားရာ။

[၆၅]

စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

[၆၆]

ခြေကျောက်ပါးတီး၊ လူမိုက်ကြီး၊ နှုတ်သီးတစာစာ။

mgyoe.com

mgyoe.com SAMPLE BOOK

[၆၇]

ဘယ်ဌာကိုမျှ၊ စွဲမရ၊ တလှ ရှိ့ဖွယ်သာ။

[၆၈]

ဝတ်ရာတောင့်တ၊ ဝမ်းမဝ၊ ချေးရ သူ့ဥစ္စာ။

[၆၉]

ရကာသော်ကား၊ ငတောင်းစား၊ ရှောင်ရှားနေလေပါ။

[၇၀]

တောမှာ ပုန်းအောင်း၊ မိုးလေခေါင်း၊ ပြောင်းရွှေ့ရပ်ဝေးစွာ။

[၇၁]

ရပ်ရွာတစ်ပါး၊ ရောက်တုံခြား၊ လားလားမလုပ်ပါ။

[၇၂]

ပမာသွင်သွင်၊ တွေ့လေမြင်၊ ကိုင်ငင်ထိုးတွန်းကာ။

[၇၃]

ကြင်နာရိပ္ပပ်၊ တလျှပ်လျှပ်၊ ရက် ပြတ် ငတ်ဗိုပါ။

mgyoe.com

mgyoe.com SAMPLE BOOK



[၇၄]

ရှာဖွေချေးငှား၊ မရငြား၊ သွားရှိနိုးလေပါ။

[၇၅]

ခိုးကာမိလေ၊ ထိုးခုတ်သေ၊ ကျလေပါယ်ရပ်ရွာ။

[၇၆]

ဤစာရွှေကျမ်း၊ ဆုံးမခန်း၊ ရဟာန်းလူရှင်၊ လွန်ကြည်လင်၊ ထင်လိမ့်ယခုခါ။

[၇၇]

ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။

[၇၈]

သိမြင်ကျမ်းဂန်၊ သူ့ထက်လွန်၊ ဂုဏ်မွန်အများထင်။

[၇၉]

လိမ္မာ၊ သိတတ်၊ လောကဓာတ်၊ တတ်လိမ့် များဂုဏ်အင်။

[၈၀]

ရှင်လူအများ၊ လွန်ခန့်ညား၊ သိကြားနတ်အသွင်။

mgyoe.com

mgyoe.com SAMPLE BOOK


[၈၁]

ရွှင်ရွှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မနွမ်းမျက်နှာမြင်။

[၈၂]

မြင်မြင်သမျှ ကြည်ညိုကြ၊ သိပ္ပ ဂုဏ်မြတ်ရှင်။

[၈၃]

လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့် လွှန်ပေါ်ထင်။

[၈၄]

ရပ်ခွင်တစ်ပါး၊ ပြောင်းလည်သွား၊ ဖိုးများ ကျောက်အသွင်။

[၈၅]

ကောင်းကင်မိုးဝ၊ ရောင်ထွန်းပ၊ လပြည့်ဝန်းအသွင်။

[၈၆]

သံသရာဘဝ၊ ပြောင်းလှည့်ကြ၊ ဒေဝနတ်ဘုံတွင်။

[၈၇]

များပြင်နတ်ပေါင်း၊ ရံသိန်းသောင်း၊ လောင်းတော်နတ်အသွင်။

mgyoe.com

mgyoe.com SAMPLE BOOK



[၈၈]

ပဒ္မင်ငါးမည်၊ နတ်တို့စည်၊ မြည်သည် မဆုံးအင်။

[၈၉]

ဒေဝကညာ၊ ဆင်းကလျာ၊ ရလာပတ်ကုံးအင်။

[၉၀]

ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်။

[၉၁]

အလျှင်လက်ဦး၊ သူ့ထက်ထူး၊ ပူးရ မချွတ်ပင်။

[၉၂]

ပဒ္မင်းညီနောင်၊ လူနတ်မြောင်၊ အောင်လိမ့် နိဗ္ဗာန်ခွင်။

[၉၃]

ပြီးပေစသတ်၊ ဆုံးမအပ်သည့်၊ ကျမ်းမြတ်လင်္ကာ၊ ထေရ်မဟာ လျှင်၊ မိန့်မှာသည့်တိုင်း၊ အားသန်လှိုင်း၍၊ နေ့တိုင်းလုံ့လ၊ ထုတ်ကောင်း ကြသည်၊ များလှဖြာဖြာ၊ သိသာ တပည့်၊ မမေ့စေရ၊ နှုတ်ထဲကလျှင်၊ ထုတ်ပြသေချာ၊ အရာရာကို စိတ်မှာမှတ်ထား၊ ယူတုံငြားမှ၊ မခြား

mgyoe.com

mgyoe.com
SAMPLE BOOK


နိဗ္ဗူ မှာကမ်းငူသို့၊ လွတ်ကူရောက်ကြောင်း၊ မြတ်ရေလောင်းသည်၊ အပေါင်းသိသာ မှတ်ကုန်ကြ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာများ

[၁]

အနုသာသန၊ ဂုဏ်ကျေးကြောင်းပြပိမ့်၊ မိဘရှေ့ညွှန်၊ ဆရာမွန်တို့၊ ဝေဖန်ပဲ့ပြင်၊ ကြားသင်သမျှ၊ ဩဝါဒကို၊ နားဝပန်လဲ၊ နာမရဲလျှင်၊ လွန်ကဲရိုညွတ်၊ ဆည်းပူးတတ်သည်၊ ကောင်းမြတ်ဇာတ၊ သားမွေးဘ။ ဆုံးမစကား၊ ဤကြောင်းလျားကို၊ မှတ်သားစိုက်စိုက်၊ ဝမ်းထဲပိုက်လော့၊ စရိုက်သုံးလတ်၊ ကျင့်ဝတ်ထူးခြား၊ မပြားရောပြွမ်း၊ ပေါင်းဖက်ကျွမ်းလည်း၊ မဖှမ်းမကော၊ သူ့သဘောကို၊ လိုက်လျောညီထွေ– ကျင့်တတ်စေ။

[၂]

ပွက်ဆိုမုသား၊ နှုတ်ချိုပျားနှင့်၊ စီးပွားလိုယောင်၊ ရုပ်ဆောင်၍၊ မှားအောင်ပြစ်ရှာ၊ ကြံတတ်စွာသား၊ မေတ္တာချည်းနှီး၊ လူ့ခွေးမြီးနှင့်၊ တသီးတခြား၊ တစ်ပါးပြည်ရွာ၊ မရှောင်သာ၍၊ မကွာပေါင်းဖော်၊ ပြုငြား

mgyoe.com

mgyoe.com SAMPLE BOOK


သော်လည်း၊ အပေါ်ကားယှဉ်၊ အထဲကြဉ်၍၊ စိတ်ယှဉ်နှိမ့်ချ၊ အဝါးဆ၍၊ ကာလအလိုက်၊ သူ့အကြိုက်ကို၊ စရိုက်ညီထွေ– ကျင့်တတ်စေ။

[၃]

မျက်မြင်လောက၊ နောင်ကာလဟု၊ ဘဝနှစ်ပါး၊ ကြီထောက်ထား၍၊ စီးပွားမဟုတ်၊ ခင်ပွန်းယုတ်ကို၊ ခွာဆုတ်ပေါင်းဖော်၊ ရှဲလိုသော်လည်း၊ ရှုမြော်တိုင်းတွဲ့၊ ရှေ့နောက်ငဲ့၍၊ ပြစ်မဲ့ကြည်ရှောင်၊ စွန့်ရအောင်လျှင်၊ တတ်ခေါင်ကြီစည်၊ ပညာဆည်၍၊ အရှည်ငဲ့ထွေ လင့်တတ်စေ။

[၄]

အရှည်လင့်လင့်၊ အသင့်မြော်လျက်၊ ကြီခေါက်ရက်တည့်၊ နောင့်ယှက်သောဖြစ်၊ ဆံတစ်ရစ်မျှ၊ အပြစ်မဲ့စွာ၊ လွတ်ခွင့်သာမူ၊ ကန္တာတောထဲ၊ ခရီးခဲဝယ်၊ ကျားရဲသစ်ရူး၊ ဘီလူးသဘက်၊ ဘေးသူပျက်အား၊ ရက်ရက်ဆောစွာ၊ စွန့်လိုက်ခွာသို့၊ မိစ္ဆာဖော်ပေါင်း၊ သူမကောင်းကို၊ စင်ကြောင်းဝေးမြေ– လွှင့်တတ်စေ။

[၅]

သူကြီးသခင်၊ အရှင်တို့ဝယ်၊ ခိုင်းပယ်သမျှ၊ အာမပြု၍၊ ကြည့်ရှုဖန်ဆင်း၊ လုပ်ပင်းအား၊ ပြည့်တင်းသိမ်းမွေ့၊ စားကျေးလယ်ယာ၊ ခန့်

mgyoe.com

mgyoe.com
SAMPLE BOOK


သောခါမူ၊ ပညာထောက်ထား၊ ရည်သွားကြောင်းလမ်း၊ မေးစူးစမ်း၍၊ ပေးကမ်းဝေဖန်၊ မစဟန်လည်း၊ ယုတ်လွန်သိထွေ- ကျင့်တတ်စေ။

[၆]

ဖြစ်ခေါင့်ဖြစ်ခဲ၊ နက်နဲဆင်ခြင်၊ မြော်မြင်ရှေ့နောက်၊ တစ်ခေါ် လောက်သား၊ စံပြောက်ကဝိ၊ ပညာရှိကို၊ နှမိနှမြော၊ မရောမပြွမ်း၊ စူးစမ်းမဲ့ဟန်၊ မေ့လျော့ကျန်မူ၊ ဖော်ညွှန်းရည်သွား၊ မင်းစီးပွားကြောင့်၊ ထောက်ထားနှိုင်းရှည့်၊ မင်းရိပ်ကြည့်၍၊ မင်း၏စိတ်ဉာဉ်၊ ရှင်မြူးစဉ်ဝယ်၊ ဆိုလျှင်ဆိုခွင့်၊ ဆိုချိန်သင့်၍၊ ချီးပင့်မြှောက်ထွေ- မြှင့်တတ်စေ။

[၇]

မှည့်ခေါ်မည်ရည်၊ ဆိုခံတည်၍၊ နှုတ်ချည်ပေါ်လျှို၊ ပွဲအထံဝယ်၊ အသံဖြစ်ကာ၊ ပြောပရှာသား၊ ဝါစာချိုပျား၊ သူ့စကားကို၊ အားမကျဆန်း၊ မျက်နှာပန်းဖြင့်၊ ရွှင်လန်းမြူးရယ်၊ အကယ်ကယ်သို့၊ လှယ်ဖယ်ပြောဖော်၊ ပြုကြားသော်လည်း၊ နာပျော်စရုပ်၊ ရိပ်ခြည်မြုပ်၍၊ စက်ဆုပ်ဖဲခွာ၊ တို့စိတ်မှာကို၊ သိသာမဲ့ထွေ- ကြဉ်နိုင်စေ။

[၈]

ဝါသနာထွတ်၊ ကောင်းရာညွှတ်သား၊ သူမြတ်တို့နှင့်၊ ပေါင်းဖော်

mgyoe.com

mgyoe.com SAMPLE BOOK


သင့်၍၊ ဆိုခွင့်ဆိုရာ၊ ရှိသောခါတိုး၊ သုဘာသိတ၊ ပိယဝါစာ၊ သစ္စာဟုတ်မှန်၊ အင်လေးတန်နှင့် ပြည့်ဆွန်ထုံးကောင်း၊ မကြားတောင်းတည့်၊ ကျိုးကြောင်းညီစွာ၊ ဉာဏ်ပညာဖြင့်၊ စိတ်ဖြာခွဲဝေ ယှဉ်နိုင်စေ။

[၉]

မနောဟာရ၊ လူ့ဘုံကျသို့၊ မြင်ကတိမ်းညွှတ်၊ သည်းအူပြတ်မျှ ဆွတ်ဆွတ်ကြင်ဖွယ်၊ ဆင်းနိကာယ်ဖြင့်၊ တင့်တယ်ရုပ်သွင်၊ အထွတ်တင်သည်၊ ဖြစ်ကျင်စကား၊ ထွေပြားစွန်းပြီ ပညာရှိတို့ ဘေးတိုပြစ်တင်၊ ရောက်မည်ထင်မူ၊ ဆံမျှင်လေ့သို့၊ မပျို့စသာ၊ ဆိတ်ကွယ်ရာ၌၊ ရှောင်ခွာမအား၊ တွေ့မြင်ငြားလည်း၊ လူသားစားတတ်၊ ဘီလူးမှတ်၍၊ မညွှတ်စေရ၊ စိတ်လောဘကို၊ နိစ္စမြဲနေ– ဖျဉ်နိုင်စေ။

[၁၀]

ဟိရိသြတ္တပ်၊ စောင့်ကြပ်မကင်း၊ လူ့ပင်းအား၊ သတင်းညာကြေကြာလေသဖြင့်၊ သင့်မသင့်ဟု၊ မတင့်မတယ်၊ ရှက်ကြောက်ဖွယ်တည့်၊ ငြိတွယ်ပြစ်တင်၊ ဆိုလိမ့်ထင်မူ၊ ပည်းဖြင်တွက်ရေ၊ အထွေထွေလျှင်၊ ရွှေငွေအတိ၊ တောင်ရှိဟူလောက်၊ ရှေ့ဝယ်ရောက်လည်း၊ ညှိဟောက်ခွဲခန်း၊ မှတ်ထင်မှန်း၍၊ တပ်စွန်းမဲ့ထွေ– ကြဉ်နိုင်စေ။

mgyoe.com

mgyoe.com
SAMPLE BOOK


[၁၁]

ငါးမည်သီတင်း၊ အရင်းမှန်လှ၊ မြတ်စာရနှင့်၊ လောဘကြီးစွာ၊ အဘိဇ္ဈာကြောင့်၊ ပညာမဲ့ပြား၊ အကျင့်မှားမူ၊ ဆည်းတားမငြိ၊ ထိုးခုတ်အံ့ဟု၊ တံ့တံ့မလွဲ၊ လက်နက်စွဲ၍၊ မောင်းမဲခြိမ်းခြောက်၊ သူငါးယောက်လျှင်၊ ယွင်းဖောက်ကြည့်ငြ၊ စောင့်သကဲ့သို့၊ တုန်လှဲ့လန့်ထိတ်၊ ကြောက်သည့်စိတ်ဖြင့်၊ ပရိစ္စယ၊ ကိုယ်ကို မ,၍၊ သီလကျင့်ထုံး၊ ဆောက်တည်သုံး၍၊ နှလုံးမြဲနေ– ယှဉ်နိုင်စေ။

[၁၂]

ဆိုဖွယ်တရား၊ နှစ်ဖက်သားတို့၊ ပိုင်းခြားစိမ့်ငှာ၊ ကပ်ပေလာမူ၊ ပြောင့်စွာရိုးရိုး၊ သဘောကိုးလျက်၊ တံစိုးဉစ္စာ၊ မျက်နှာကြီးငယ်၊ မရှုယ်မထောက်၊ ရှုံ့ကြောက်မဲ့ထွန်၊ မလွန်မောဟ၊ ဒေါသမရှု၊ ဆုံးဖြတ်မှုလည်း၊ မနုလမ်းဟောင်း၊ တံမျဉ်းကြောင်းဝယ်၊ တိမ်းစောင်းမရှို၊ သမာဓိဖြင့်၊ ဂတိမယွင်း– တည်စေမင်း။

[၁၃]

အတိဂမ္ဘီ၊ အင်ညီမြောက်မြား၊ သူ့ရည်သွားကို၊ မှတ်သားရှုမျှော်၊ လူသူတော်တို့၊ ရှင်ဖော်ဖန်လဲ၊ တွေ့မရဲတည့်၊ ဆကဲလွန်ကြူး၊ သူ့ထက်ထူးသား၊ ကျေးဇူးအနှစ်၊ စုံသည်ဖြစ်လျက်၊ ပွဲလယ်ချက်ဝယ်၊ ဗိုးနှင်

mgyoe.com

mgyoe.com SAMPLE BOOK


ကုန်ကောင်း၊ အစွန်နှောင်းသို့၊ ကံကောင်းလျှကြွေး၊ မမှီသေး၍၊ ကြာနေးခဲ့အင်၊ လွန်ငြိုငြင်လည်း၊ ပန်းပင်ပူဆာ၊ ဗျာပါဝိတက်၊ နှောင့်ယှက်မကြီ၊ လောကဓံ၌၊ နိယံမကွေ၊ ဖြစ်မြဲပေဟု၊ သံဝေတရား၊ ဝမ်းဝယ်ထား၍၊ တတ်အားသမျှ၊ လျှဒါနနှင့်၊ သီလကြည်ညို၊ ချမ်းရိပ်ခို၍၊ ကုသိုလ်နှီးရင်း၊ စည်စေမင်း။

[၁၄]

ဒါနသီလ၊ နိစ္စမချန်၊ မိဌာန်ရှင်ဖြို၊ စောင့်သောကျိုးလည်း၊ မစိုးမရိမ်၊ စည်းစိမ်ခိုင်ဖြိုး၊ ရှယ်တိုင်းပြီးမူ၊ ဆွေနီးမျိုးစပ်၊ ထက်ကြပ်မကင်း၊ ကျေးရင်းကျွန်ချာ၊ မေတ္တာစိတ်ဝင်၊ တိုင်ပင်နှိုင်းချက်၊ ပေါင်းဖက်တူနေ၊ အဆွေခင်ပွန်း၊ လူရဟန်းအား၊ သိမ်းမြန်းကြည့်ရှု၊ သင်္ဂြိုဟ်မှုလည်း၊ တစ်ခုမကျန်၊ သဘောမှန်လျက်၊ သူမွန်တကာ၊ စည်လာရှေးလမ်း၊ ကျင့်မြဲတမ်းဖြင့်၊ စိတ်ဝမ်းဖြောင့်စင်း– ကြည်စေမင်း။

[၁၅]

မဏိဇောတ၊ ပြည်တန်မြနှင့်၊ သိင်္ဂရွှေညာ၊ ရတနာဘိ၊ အဝါလျှံတက်၊ ရောင်ခြည်ထွက်မူ၊ စုံမက်ဖွဲ့ချီး၊ အဖိုးကြီး၏။ တသီးဆိုဖွယ်၊ လူတို့ဝယ်ကား၊ ကြီးငယ်အမျက်၊ စောင်းမာန်တက်မူ၊ ပေါင်းဖက်ဖော်နည်း၊ အများငြိုး၏၊ နည်းမှီးလက်သုံး၊ ဤသည်ထုံးကို၊ ယူကျုံးမြိုက်သွင်း၊

mgyoe.com
SAMPLE BOOK


သားမောင်မင်းလည်း၊ မုန်ပြင်းဒေါသ၊ စိတ်နာဂကို၊ ဉာဏချွန်းကွင်း–မြဲစေမင်း။

[၁၆]

ရှေးကမကျွမ်း၊ လုပ်စိမ်းရှမ်းကို၊ စူးစမ်းစာနာ၊ လိမ္မာနားဝင်၊ အကောင်းထင်လျက်၊ ဆင်ခြင်မရှိ၊ သတိလွတ်ထွေ၊ ပြောမိလေသား၊ မချေသူနား၊ ကွယ်စကားကို၊ အများကြားအောင်၊ ပြယ်သည့်ယောင်သို့၊ ပွဲဘောင်ဆိုတုံ့၊ တစ်ဖန်လှုံ့မူ၊ နှုတ်တုံ့မလှဲ၊ မျက်နှာလွှဲ၍၊ ဝမ်းထဲထွေငေါ်၊ မမြွက်သော်လည်း၊ သူတော်တမူ၊ အပြစ်ဟူ၍၊ မှတ်ယူစိတ်သွင်း– ရှိစေမင်း။

[၁၇]

ဆိုင်ပြိုင်အားအန်၊ လက်မတန်မူ၊ ချစ်ဟန်ပေါ်ကောင်း၊ အထဲချောင်းလျက်၊ စည်းပေါင်းညီညွတ်၊ တသမတ်ဖြင့်၊ ယွင်းချွတ်မရှိ၊ ညိလေပြီကား၊ တစိတရက်၊ ဖြိုနိုင်ခက်ချိမ့်၊ ရန်ဘက်ထိုသူ၊ သဘောတူကို၊ အယူဖောက်လွှဲ၊ နှလုံးကွဲမူ၊ မခဲတို့ဝယ်၊ ဖျက်သော်လွယ်ဟု၊ ဉပါယ်တံမျဉ်၊ နက်စွာယှဉ်၍၊ စိတ်ဉာဉ်ထွေလည်၊ သူကြီးရည်ကို ရိုပ်ခြည်ဖမ်းခြင်း– မိစေမင်း။

mgyoe.com

mgyoe.com SAMPLE BOOK

[၁၈]

ထဲပကွယ်မြင်၊ မထင်နှစ်ထွေ၊ နိတ့ုံရွှေသို့၊ မြဲနေတံတစ်၊ သံဘော ကျစ်သား၊ ကျိုးပြစ်သိမြော်၊ မိတ်သူတော်နှင့်၊ ပေါင်းဖော်သောအား၊ သူနှစ်ပါး၏ စီးပွားတက်ဟန်၊ မြင်လတွန်သော်၊ မမှန်ယွင်းဖောက်၊ နှလုံးကောက်တို့ တပျောက်ဆိတ်ဆိတ်၊ ထဲစိတ်ဝန်တို၊ မရှုလို့မူ၊ နှုတ်ချို ခွန်းသာ၊ ပျောက်ကြောင်းရှာ၍၊ မှာမှာမွှေချောက်၊ တစ်ယောက်တစ်ပါး၊ အယူမှားအောင်၊ စကားပေးငင်၊ အကယ်ပင်သို့၊ ပြစ်တင်ပြဋ္ဌန်၊ ကျိုးလွန်ဟန်နှင့်၊ ဆန်ကန်နှုတ်ထား၊ စကားသွယ်ဝိုက်၊ ချင်းအကြိုက် ဖြင့်၊ ကုန်းတိုက်ပြုသည်၊ သူ့ဖျက်ရည်ကို၊ ရိပ်ခြည်သြ၏၊ တစ်ခွန်းဟက၊ ခဏချက်ချင်း– သိစေမင်း။

[၁၉]

မိတ်ရန်ဝိုးဝါး၊ သူတစ်ပါး၏၊ ဝှက်ထားမြဲကျိတ်၊ ထဲကြံစိတ်ကို၊ တို့ဆိတ်ကွယ်ရာ၊ ကြားပေလာမူ၊ ဝမ်းသာအားရ၊ နောင်ကာလလည်း၊ ကြားကသည်တူ၊ ဆိုပါဟူ၍၊ ပျူပျူငှာငှာ၊ ချစ်မာယာနှင့်၊ နောင်ခါမရှောင်၊ ဆိုချင်အောင်လျှင်၊ သွေးဆောင်နှစ်ထောင်း၊ လှည့်ပြားယောင်း၍၊ နှုတ် ကောင်းဖြည်းညင်း– သာစေမင်း။

mgyoe.com
SAMPLE BOOK


[၂၀]

လွှယ်လှင့်တကူ၊ မယူအပြစ်၊ မုန်းချစ်ပိုးဝါး၊ ထိုသူအားလည်း၊ ဆံဖျားလေသို့၊ မပုံ့ရအောင်၊ ကွယ်ရှောင်ခဲခက်၊ ရိပ်ခြည်ဂှက်၍၊ ပြန်မြွက်မဆို၊ ဝမ်းထဲသိုလျက်၊ သူလျှိုတမန်၊ ရောက်ဟန်ကွေ့လည်၊ နက်ကြီစည်ဖြင့်၊ ကြားသည်သူ့နှုတ်၊ ဟုတ်မဟုတ်ကို၊ အားထုတ်စိုင်းပြင်း–နာစေမင်း။

[၂၁]

သက်ကြာမကျေ၊ အနေမကျ၊ စိတ်ဒွိဟကို၊ ဒွိဟပိုးဝါး၊ နှစ်ပါးထွေယူ၊ မှတ်သောသူ၏၊အမူအရာ၊ ကြောင်းချာစေ့ရေ၊ လုပ်ကြီထွေကို၊ အနေကျကျ၊ သိဦးမှတည့်၊ တစမရှောက်၊ ရှယ်ဘော်ထောက်၍၊ ရှုံ့ကြောက်မဲ့ထွန်၊ အရေးမှန်လျက်၊ ဘေးရန်ပျောက်လွင့်၊ အကျင့်ဖြင့်လျှင်၊ အသင့်ကြီနိုင်၊ အပြီးတိုင်အံ့၊ ကြံခိုင်နှလုံး၊ ဤကျင့်ထုံးလည်း၊ သက်ဆုံးအမြဲ၊ ဆောင်သုံးစွဲ၍၊ ဝမ်းထဲပိုက်သွင်း– ပါစေမင်း။

[၂၂]

အဇ္ဈာရသ၊ သိပ္ပကျေးဇူး၊ အထူးထူးကို၊ ဆည်းပူးဖွေရှာ၊ သင်သောခါတုံ၊ ဆရာကောင်းထံ၊ ကျိုးနွံတည့်တည့်၊ ရိပ်ခြည်ကြည့်လျက်၊ တပည့်ကျင့်ဝတ်၊ ညီညွှတ်စွာမှု၊ ကုန်အောင်ပြု၍၊ အာယုဆုံးစွန်၊ ပြောင်းချိန်

mgyoe.com

mgyoe.com SAMPLE BOOK

တန်မှ၊ ပြည့်ခန်ရိပ်ခြည်၊ ဆိုအံ့သည်ဟု၊ ဆောက်တည်လျှို့ဝှက်၊ ပြင်မထွက် သား၊ သိခက်ခဲလှ၊ ကိလိဋ္ဌကို၊ မှတ်ရအောင်အောင်၊ ရည်ဆောင်နိမ့်ချ၊ ဆည်းကပ်ခ၍၊ နေ့ညမကင်း- တွေ့စေမင်း။

[၂၃]

ထံရင်းထက်ကြပ်၊ မြဲဆည်းကပ်သား၊ သုံးထပ်ဗာဟီ၊ ကျမ်းရိုး မှီ၍၊ ရာသီအံသာ၊ လိင်္ဂာဖမ်းထွေ၊ အချေအတင်၊ အလျင်အလျား၊ အစားအမြောက်၊ အနှောက်အနှော၊ အရောအကူ၊ အယူအနုတ်၊ အကုတ်အကြည်း၊ ရေကျူးညှိလှည်းသို့၊ တွက်နည်းသွင်သွင်၊ သင်ပုန်း ပြင်၌၊ မထင်အရေး၊ ဇော်ဒွေးမမှေ့၊ မူးမော်ဘနန်း၊ ကိန်းခန်းအညီ၊ တိထိနက္ခတ်၊ ချင့်ဆုံးဖြတ်သား၊ ပါဒ်ဗိဇနာ၊ ပြန်စရာနှင့်၊ မှန်စွာကြည် လင်၊ အပြီးစင်သည်၊ ဗေဒင်အမှတ်၊ ဤအတတ်လည်း၊ မပြတ်စင်းလျင်း- လေ့စေမင်း။

[၂၄]

အလိုက်အလိုက်၊ လူတို့၌ဝယ်၊ ကြက်တိုက်အန်ခတ်၊ ဇယ်လွှတ် ပြေးချီ၊ ဗလီပြေးဖမ်း၊ လက်ပန်းလက်ဖွေ့၊ ကျင့်လေ့ကျင့်လည်၊ ဆိုစ သည်တုံ၊ အရည်အစွမ်း၊ အတတ်သွမ်းဟု၊ မကျွမ်းမကျင်၊ နားမဝင်မူ၊ သဘင်ပွဲထံ၊ မှုမပြီသော်၊ ရှက်ရွံ့ဆုတ်ဆိုင်း၊ ရိုင်းစိုင်းမတ်လတ်၊

mgyoe.com

 mgyoe.com SAMPLE BOOK 

ဖြစ်တို့တတ်စွာ၊ မလွတ်မချန်၊ ဤရေးဟန်လည်း၊ မကျန်မကြွင်း စေ့စေ့မင်း။

[၂၅]

နေ့ခင်းဌာန၊ ကာလမျှော်ရှု၊ ရွေးချယ်ပြုလျက်၊ လွယ်မှုမလျှင်၊ ဆင်ခြင်ကြံစည်၊ တိုရှည်ထောက်ထား၊ စီးပွားတိမ်နက်၊ ယုတ်တက်ဖွေရှာ၊ တွေးစာနာလျက်၊ ဥစ္စာပစ္စည်း၊ ပညာဆည်းလျက်၊ ထန်သည်းမပြင်း– မွေ့စေမင်း။

[၂၆]

ရမ္မက်လောဘ၊ မောဟမြွေးယှဉ်၊ ပုထုဇဉ်တို့၊ ရှောင်ကြဉ်ခဲစွာ၊ ကိလေသာကြောင့်၊ တစ်ခါတစ်ရံ၊ အကြံမရှို၊ မှားယွင်းမိလည်း၊ သတိမပြု၊ မကောင်းမှု၌၊ အဏုမြူညက်၊ ဆိံတစ်ရွက်မျှ၊ လေ့ကျက်မဲ့လျှင်း– မေ့စေမင်း။

[၂၇]

ထိုမှတစ်ဖန်၊ အရှင့်ဝန်၌၊ မကျန်ညဉ့်နေ၊ ကြံအောက်မေ့လော့၊ အရှေ့အနောက်၊ တောင်မြောက်ခန်းဝါ၊ လက်ယာလက်ဝဲ၊ ဥဒဲ့ဝင်စပ်၊ နေရပ်ရိုးစု၊ စီရင်မှုတုံ၊ မေရုမိပ္ပ၊ မြတ်ဒေသဟု၊ ပဉ္စအာလိန်၊ တာဝတိံ ဝယ်၊ စောင့်ချိန်ရန်တား၊ ဝိုးထပ်ခြားလျက်၊ သိကြားနေရာ၊ ပြည်အောင်

mgyoe.com

ချာကို၊ မိစ္ဆာဘုန်းမဲ့၊ ကြီးသကဲ့သို့၊ နိုင်းရဲ့ပုံယူ၊ ထိုအတူလျှင်၊ ရန်သူမိုက်မှား၊ ကြီလှည့်ပြားလည့်၊ ကြိုးစားအန်ထောင်၊ မပြစ်အောင်လျှင်၊ လုပ်ဆောင်ဖန်ဆင်း– ကိုစေမင်း။

[၂၈]

ရာဇဝံသာ၊ မှန်စွာလက်သုံး၊ နည်းထုံးရှေးတီး၊ လွန်လေပြီးသား၊ သူကြီးမင်းစိုး၊ ကျင့်ရိုးကျင့်စဉ်၊ ကျင့်ထုံးယှဉ်၍၊ ကျင့်လျှဉ်ကျင့်တမ်း၊ ကျင့်မြဲလမ်းဖြင့်၊ စူးစမ်းနက်တံ၊ ရှေးရှည်လံသား၊ ပုံစံမှတ်မိ၊ ပညာရှိ၌၊ သတိကြည်မော၊ ကျမ်းသဘောဖြင့်၊ နှီးနှောတစ်ကိုယ်၊ ပြောဆိုပူး တွေ့မေးမြန်းလေ့လျက်၊ ရက်နေ့မပြတ်၊ ညီညွတ်တိုင်ပင်၊ နိုင်းဆင်ခြင်၍၊ သိမြင်ကျယ်ဝင်း၊ စုံစေမင်း။

[၂၉]

ပွင့်လင်းချမ်းသာ၊ ကြီးမြင့်ရာဖု၊ မှန်စွာသမ္မု၊ လေးဖို့စုသား၊ စေတုစက္က၊ ဓမ္မတာရား၊ အကြောင်းများဝယ်၊ သုံးပါးမျက်မြော်၊ အကြိုက်တော်လျက်၊ မပေါ်မထင်၊ ဂုဏ်အင်ထုပ်တိမ်၊ စည်းစိမ်ခွန်အား၊ ရည်သွားအခန့်၊ ပွားပြန့်ကျိုးပေး၊ အရောက်နေးလည်း၊ နီးဝေးတို့ရှည်၊ ကြီစည်ထောက်ထား၊ မမေ့မှားလျှင်၊ ကုန်သွား ယာလယ်၊ လုပ်ဖွယ်ဆောင်ခင်း၊ မပျင်းလို့လ၊ ဝါယာမဖြင့်၊ ဒုက္ခဖျင်းသိမ်၊ ကြောင့်ကြငြိမ်၍၊ စိုးရိမ်

mgyoe.com

mgyoe.com
SAMPLE BOOK


ပျောက်ကင်း– လိုစေမင်း။

[၃၀]

စတုမရူ၊ ဟူသားရသာ၊ သကာတခြား၊ ပျားလည်းမလွတ်၊ ထောပတ်အုန်းဆီ၊ အညီဖော်မြောက်၊ တောမြွေဟောက်ကို၊ ဆိပ်တောက်ပွားဆေး၊ ဝအောင်ကျွေးလည်း၊ အရေးဖုထွပြား၊ ဖြစ်သည်များကို၊ ထောက်ထားနိုင်းတု၊ ပိုစံရှု၍၊ ပြုစုမရွေ့၊ အစလေ့လည်း အောက်မေ့ကြံခင်း– ပိုစေမင်း။

[၃၁]

ဘုံနန်းထွတ်ခေါင်၊ လုပ်ဆောင်ပြီးလွယ်၊ ငြမ်းသဖွယ်လျှင်၊ မနွယ်ဦးပဲ၊ ကြည့်ဖယ်ရှောင်ခွာ၊ မတတ်သာ၍၊ ခြင်းရာသိလျက်၊ မြွေဆိပ်တက်သို့၊ ပေါင်းဖက်ခဲလှော်၊ သူမတော်ကို၊ အဖော်ရဟာန်း၊ ဝမ်းသာပန်းဖြင့်၊ ထိန်းမြန်းမစ၊ စံပဆောင်ရွက်၊ နှစ်သက်ဖွယ်မှု၊ ကုန်အောင်ပြုလည်း၊ အကုအကင်း– ပါးစေမင်း။

[၃၂]

အရင်းအနှစ်၊ နွယ်မြစ်ပင်ချုံ၊ လုံးစုံမြေးသား၊ မျိုးဆွေဝါးနှင့်၊ ထွေပြားမကြံ၊ သက်နှံစိုက်စိုက်၊ အရှင်၌လည်း၊ ထဲပိုက်ကေန်၊ အချစ်လွန်လျက်၊ တော်မှန်ရဲရင့်၊ မူကျင့်ခြင်းရာ၊ ပြည့်စုံစွာသား၊ ပညာကြီးထူး၊

mgyoe.com

mgyoe.com SAMPLE BOOK


ထိုသသူကို၊ မှတ်ယူတွေးထောက်၊ ရွေးချယ်ကောက်၍၊ ထပ်လှောက်ဆင့်ပြန်၊ မစဟာန်လည်း၊ အားအန်လုံးရင်း များစေမင်း။

[၃၃]

အာဒိဝယ၊ ငယ်ရွယ်ကပင်၊ နိစ္စမမေ့၊ ဆုံးမလေ့သား၊ နောက်ရှေ့မြော်သိ၊ ပညာရှိနှင့်၊ ပေါင်းမိချစ်ခင်၊ ကျွမ်းကျင်လျင်က၊ ဖူးချင်တင်ပေး၊ လွန်မြတ်လေးလျက်၊ ဝေးလည်းမမေ့၊ တွေ့လည်းမရဲ၊ လွန်စွာကဲ၍၊ ယှဉ်နွဲ့နှီးနှော၊ ကြည်တတ်မောသည်၊ သဘောပြောင့်စင်း၊ သားမောင်မင်းသည်၊ နှောင်းကြွင်းဆင်ခြင်၊ စီးပွားမြင်၍၊ ဂုဏ်အင်မချို့၊ ကောင်းရာပို့သား၊ လူတို့ကျင့်တမ်း၊ ဤကြောင်းလမ်းကို၊ စူးစမ်းမပြတ်၊ သက်ဆုံးမှတ်လော့၊ မချွတ်မလွဲ၊ လူခပဲ၌၊ ဖြစ်မြဲနိယံ၊ လောကဓံကြောင့်၊ တစ်ရံတစ်ကြိမ်၊ စိုးရိမ်နှောင့်နှေး၊ ကြီးရေးခဲစွာ ဖြစ်သောခါတုံ၊ ချမ်းသာဆောင်ဖူး၊ သူ့ကျေးဇူးကို၊ ထိမ်မြုံးမသိ၊ မိမိပစ္စည်း၊ သိမ်းဆည်းကျိတ်နက်၊ ရေတစ်စက်မျှ၊ မထွက်ရသာ၊ သူ့မှာရကြောင်း၊ ချောင်းမြောင်းနှီးနွှယ်၊ အကယ်ကိုယ်သို့၊ ပြက်ရယ်ချိုးချိုး၊ နှုတ်သာပျိုးလျက်၊ အကျိုးကားပျောက်၊ အပြစ်ရောက်အောင်၊ ကွေ့ကောက်လိမ်လည်၊ ကြံစည်လျှို့ကတ်၊ လှည့်ပတ်တတ်သည့်၊ ယွင်းချွတ်ဖောက်လွဲ၊ လူစဉ်းလဲကို ကြဉ်ဖယ်ရှောင်ကွင်း၊ ဝေးစေမင်း။

mgyoe.com

mgyoe.com
SAMPLE BOOK


[၃၄]

ပစ္စုပ္ပန္န၊ ဘဝနောင်ခါ၊ ချမ်းသာရဟန်၊ တော်မှန်အကျင့်၊ ကိုယ်နှင့်သူအား၊ စီးပွားထပ်မျှ၊ ဆောင်တတ်လှသား၊ ဖြူဆွစိတ်ကြံ၊ နက်စံမြော်သိ၊ ပညာရှိကို၊ ဇာတိတစ်ပါး၊ ဝေးမြေခြားလည်း၊ စီးပွားမြတ်နိုး၊ တွေ့အောင်ကြိုး၍၊ ကြည်ဖြိုးရှင်ပျ၊ တူနေရသော်၊ နိစ္စအမြဲ၊ ပေါင်းယှဉ်တွဲ၍၊ ဝမ်းထဲချစ်ခြင်း– လေးစေမင်း။

[၃၅]

ရှေးပါရမီ၊ ပြည့်စုံညီ၍၊ နှိုင်းပြိုင်မထင်၊ ရည်သွားအင်လည်း၊ လူတွင်ပြားလှ၊ ဖြစ်တော်စွဟု၊ ဒိဗ္ဗသြဇာ၊ နတ်သုဓာနှင့်၊ ဇိဝှာဝိညာဉ်၊ နှစ်ပါးယှဉ်သို့၊ တွေ့စဉ်ခဏ၊ နှစ်သာရကို၊ ဆံမျှမကွယ်၊ သိမြင်လွယ်သား၊ နှံ့ကျယ်ပညာ၊ မြတ်ဆရာ၌၊ မေတ္တာဆုကြီး၊ ကျေးဇူးမှီး၍၊ ကောင်းချီးဆောက်နှင်း– ပေးစေမင်း။

[၃၆]

ဗဟုသုတ၊ သိပ္ပပညာ၊ ဆည်းပူးရှာ၍၊ ဆရာကောင်းထံ၊ ထုံးစံလေ့ကျက်၊ မှတ်ခေါက်ရက်တည့်၊ အနက်အနဲ၊ အရဲအရင့်၊ အကျင့်အဟန်၊ အမှန်အတော်၊ အမြော်အမြင်၊ ဂုဏ်အင်ထူးခြား၊ သူ့ရည်သွားကို ထောက်ထားခွဲခြမ်း၊ သိနိုင်စွမ်းဟု၊ ချီးမွမ်းဗိုလ်လူ၊ အံ့ရာမူသား၊

mgyoe.com

mgyoe.com SAMPLE BOOK


မညှုပွင့်ပူး၊ ကြိုင်နံ့မြူးသို့ ကျေးဇူးသတင်း– မွှေးစေမင်း။

[၃၇]

ကဝိလေးမည်၊ ပြည့်စုံတည်သား၊ ဇာနည်အထွတ် ဆရာမြတ်ဝယ်၊ မပြတ်နိယံ၊ နည်းနာခံ၍၊ သာစံရိပ်ငြိမ်၊ စည်းစိမ်တန်ခိုး၊ ရှေးကျိုးကောင်း ညွှန်၊ ပွားပြန်နှောင်လာ၊ တိုးတက်ရာသား၊ အင်္ဂါခုနစ်၊ ကျေးဇူးနှစ်နှင့်၊ ရန်စစ်အောင်နေ၊ လေးထွေအကျင့်၊ လေးဆင့်သင်္ဂြိုဟ်၊ ယွင်းယိုမရှိ၊ ဂတိလေးသွယ်၊ မှတ်ဖွယ်ဖွယ်၌၊ အဓိပ္ပာယ်နက် ပြက်ပြက်ထင်စွာ၊ မသိသာမူ၊ သက်ာပျောက်ဆေး၊ စင်အောင်မေး၍၊ ကျင့်ရေး ကျင့်နှုန်း၊ ကျင့်မြဲထုံးကို၊ နှလုံးပိုက်သွင်း– ဝင်စေမင်း။

[၃၈]

ထိုမှတစ်ထွေ၊ တိုင်းခြေရပ်စည်၊ ပြည်ဇနကိစ္စ၊ သတ္တင်္ဂဟု၊ တွင်ထ မည်ထင်၊ ခုနစ်အင်လည်း၊ သိမြင်မကျန်၊ ယဉ်ထန်သမုဒ်၊ ဖြည်းသုတ် လေသာ၊ ရာဇာယမ၊ နေလပဥ္စုန်၊ ဝသုန္ဓရီ၊ ဒေဝီသိကြား၊ ရှစ်ပါးဤသို့ မင်းတို့မှတ်ဖွယ်၊ ပိုသွယ်တစ်သီး၊ သူကြီးကျင့်မူ၊ ဂုဏ်ခြောက်စုနှင့်၊ ဆယ်ခုဓမ္မ၊ ဗလငါးတန်၊ စွမ်းအန်သုံးကြောင်း၊ မကြားတောင်းသာ၊ နည်းကောင်းကျယ်ဝန်း၊ အဆန်းဆန်းလည်း၊ မေးမြန်းဖွေရှာ၊ မှတ်သား နာ၍ သက်ာပျောက်ကင်း၊ စင်စေမင်း။

mgyoe.com

mgyoe.com
SAMPLE BOOK


[၃၉]

ထိုမှတစ်ပါး၊ ယောက်ျားတကာ၊ ပွဲရှာနိစ္စ၊ တတ်အပ်လှသား၊ သိပ္ပရတနာ၊ ဆင်မြင်းမှာတို့၊ သမ္မာရင့်ညောင်း၊ တုမဲ့တောင်းသား၊ စောလောင်းရန်နင်း၊ ဥတိန်မင်းဟု၊ ဗုန်ပြင်းကျော်ထိတ်၊ ခေါင်ပဏ္ဍိတ်၏။ ကျိတ်လိတ်သင်ထွေ၊ ဥပဒေ၌၊ တတ်နေလုံခြုံ၊ စီရင်တို့၌၊ စေ့စုံများကျယ်၊ စီးနင်းဖွယ်လည်း၊ တင့်တယ်ပြသ၊ ဓာရဏာဖြင့်၊ လေ့ထမကင်း– ကျင့်စေမင်း။

[၄၀]

သက်ကြီးဘေးဘိုး၊ ကျင့်ရိုးအညီ၊ ထုံးစံမှီ၍၊ အစီအလျဉ်၊ အစဉ်အသင့်၊ နိမ့်မြင့်ဆင်ခြင်၊ ဂုဏ်အင်များနည်း၊ ပစ္စည်းလျော့တင်း၊ အရင်းအပွား၊ ရည်သွားရှိမဲ့၊ ပြိုင်နိုင်းရှဲ့၍၊ လေးတွဲ့စာနာ၊ ပေးကမ်းခါလည်း၊ ပညာမြော်တင်း– ရွေးစေမင်း။

[၄၁]

သံသရာစက်၊ အဆက်ဆက်က၊ လေ့ကျက်ပူးစွာ၊ ဝါသနာကြောင့်၊ ပညာရင့်ညောင်း၊ သူတော်ကောင်းတို့ ကျိုးကြောင်းဟုတ်လှ၊ ထုံးစံပြသား၊ ဆိုးမစကား၊ ကျေးဇူးများကို၊ ကြားကြားသရွေ့၊ ရှင်ပျော်မွေ့လျက်၊ နေ့လည်းမကင်း၊ ညဉ့်တွင်းမကွာ၊ မှတ်သားနာ၍၊ ပွဲရှာစူးစမ်း၊

mgyoe.com

mgyoe.com SAMPLE BOOK


ပြောဆိုကျွမ်းလည်း၊ စိတ်ဝမ်းကြည်လင်၊ သားသခင်ဟု၊ တိုင်ပင်လျှို့ဝှက်၊ ထဲနက်ရေးခြား၊ ပြင်တစ်ပါးသို့၊ မကြားစေချင်၊ မမြင်စေလို၊ မဆိုစေမူ၊ တစ်ခုခုဌ်၊ မြော်ရှုသတိ၊ မင်းရိပ်သိ၍၊ မျက်စိမမြင်၊ ခေါ်လျှင်မကြား၊ လျှာမဲ့ငါးသို့၊ ဆွေဝါးခင်ပွန်း၊ ဖွေမေးမြန်းလည်း၊ တစ်ခွန်းမပွား၊ မင်းစကားကို၊ စိုက်ထားဝမ်းတွင်း– ကြေစေမင်း။

## [၄၂]

ရန်သူပြီးဘက်၊ နှောင့်ယှက်ငြိတွယ်၊ အန္တရာယ်သည်၊ အကယ်မျက်မြင်၊ စိုးစဉ်းထင်မူ၊ သေရှင်အရေး၊ နှစ်ထွေးမရည်၊ စွန့်အံ့သည်ဟု၊ ဆောက်တည်သောလျောက်၊ စွန့်ခွင့်ရောက်မူ၊ ရှုံ့ကြောက်မဲ့ထွန်၊ အရှင့်ဝန်၌၊ ကမ္ဘာ့ဏ်ယက္ခ၊ သီဟခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ ခါ၍မဆွန့်၊ အသက်စွန့်လော့၊ အဝှန့်နောင်လာ၊ လူတကာတို့၊ ပြောရာဥဒါန်း၊ ကမ္ဘာထွန်းသို့၊ မော်ကွန်းဖြစ်လျှင်း– လေစေမင်း။

## [၄၃]

အနိုးအဝေး၊ အနေးအလျင်၊ စီရင်မစ၊ အငှအဝေ၊ အစေအပါ၊ အရာကြီးငယ်၊ ပြုဖွယ်ဖွယ်၌၊ လိုမယ်ကိစ္စ၊ အားရအောင်အောင်၊ ရည်ဆောင်ထဲလာ၊ ကြိုးသောခါလည်း၊ ညီညာအားထုတ်၊ သဘောဟုတ်ဖြင့် မယုတ်မလွန်၊ တော်မှန်ဖြောင့်စင်း၊ မှားယွင်းမရှိ၊ သမာဓိဖြင့်၊

mgyoe.com

mgyoe.com

SAMPLE BOOK

သတိုင့်စည်၊ စောင့်အပ်သည်တွင်၊ ဆံခြည်တစ်တန်း၊ တင်ခွန်းမချစ်၊ လောဘမြစ်၍၊ တင်းပြစ်လွတ်ကင်း၊ ဝေးစေမင်း။

[၄၄]

လျှို့ဝှက်ထဲကြံ၊ နတ်စံရည်ကောင်း၊ သူ့အကြောင်းကို၊ ချောင်းမြောင်းနှိုးနှယ်၊ သိအောင်ရှယ်မူ၊ ပွဲလယ်အရပ်၊ မတင့်အပ်ဝယ်၊ ထက်ကြပ်မကွာ၊ နေကာမတွေ့၊ ကြည့်ရှု၍မမြော်၊ နာသော်မကြား၊ လူအများကို၊ ဝှက်ထားမြဲကျိတ်၊ ထဲကြံစိတ်ဖြင့်၊ တိတ်တိတ်ဝှက်ခင်း– ပြေစေမင်း။

[၄၅]

ခပ်သိမ်းကိစ္စ၊ ဟူသမျှလည်း၊ လုံ့လမလျော့၊ မပေါ့မမေ့၊ ညဉ့်နေ့မဟူ၊ မွေးမြူကြောင်းလမ်း၊ စုံစမ်းစနာ၊ နက်ပညာဖြင့်၊ ရှေ့လာနောက်နစ်၊ ကြံစိစစ်လော့၊ အပြစ်ကိုယ်ဝယ်၊ ဆိုဖွယ်ရိပ်ထင်၊ မရောက်ခင်က၊ မမြင်မရှိ၊ တွေးမသိသည်၊ မျက်စိမပွင့်၊ ဉာဏ်မရင့်၍၊ အကျင့် အခြင်း– တွေးစေမင်း။

■

mgyoe.com

mgyoe.com SAMPLE BOOK

# တောင်ဖီလာဆရာတော်၏ ဆုံးမစာ

## ဖျက်စု (၂၀)

[၁]

စေတီမှန်းထား၊ မြတ်ဘုရား၊ တည်ထားကောင်းလျက်၊ ညောင်ပင် ဖျက်သည်။

[၂]

မြစ်မ ရေနက်၊ သောင်ပြင် ဖျက်သည်။

[၃]

မင်းကောင်းပါလျက်၊ မင်းမြှောင်ဖျက်သည်။

[၄]

လက်ဆုံစား၊ မယားကောင်းလျက်၊ အမြှောင်ဖျက်သည်။

mgyoe.com